# လောကဗျူဟာကျမ်းလာထီးသုံးနန်းသုံးဝေါဟာရစစ်တမ်း

ပါရဂူဘွဲ့(**Ph.D**)အတွက် တင်သွင်းသောကျမ်း

ရွှေပြည်စိုး(မဟာဝိဇ္ဇာ)

မြန်မာစာဌာန

ရန်ကုန်တက္ကသိုလ်

နိုဝင်ဘာ၊ ၂၀၀၃ ခုနှစ်

# ကျမ်းအကျဉ်းချုပ်

ကျမ်းတွင် **အခန်းကြီး(၄)ခန်း၊ နောက်ဆက်တွဲ(၁)ခန်း** ပါဝင်ပါသည်။ အခန်း(၁)၌ အဓိပ္ပာယ်သတ်မှတ်ခြင်းနှင့်အခြေခံဝေါဟာရဖွင့်ဆိုခြင်းပါဝင်၍ အခန်း(၂)၌ ထီးသုံးနန်းသုံးဝေါဟာရနှင့် အရင်းခံ အထောက်အထားများ၊ အခန်း(၃)၌ **စစ်တမ်းခံဝေါဟာရများ**အနက်မှ (၂၇)လုံးကို အကျယ်ဖွင့်ဆို ရှင်းလင်းခြင်းဖြစ်ပြီး အခန်း(၄)၌ ထီးသုံးနန်းသုံးဝေါဟာရများကို အမျိုးအစားခွဲခြင်း၊ **စစ်တမ်းထုတ်ချက်**တို့ ပါဝင်သည်။ အဓိပ္ပာယ်သတ်မှတ်ရာတွင် ထီးသုံးနန်းသုံးနှင့် ဝေါဟာရကို ခွဲခြားဖော်ပြပါသည်။ ဖွင့်ဆိုသည့်အပိုင်း၌ (၁) ထီးနှင့် (၂)နန်းသည် အခြေခံဝေါဟာရ ဖြစ်ပါသည်။ အတွင်း၊ အပြင်**ဆက်စပ်မှုနှစ်မျိုး**ဖြင့်ဖော်ထုတ်ထားပါသည်။ **အရင်းခံအထောက်အထားများ**ကို အကျဉ်းမျှဖော်ပြ၍ ၎င်းအပိုင်းတွင် ထီးသုံးနန်းသုံးဝေါဟာရများ ပေါ်ပေါက်လာပုံ၊ ဘာသာစကား၏သွင်ပြင်လက္ခဏာ၊ **အဘိဓာန်ပညာ**(ဖွင့်ဆိုချက်)များလည်း ပါဝင်ပါသည်။ **လောကဗျူဟာကျမ်း**၌ အသုံးပြုထားသော ဝေါဟာရများအနက်မှ**(၁၆၈၆)လုံးကို** စစ်တမ်းထုတ်၍ ၎င်းမှ**(၂၇)လုံးကို** **အနက်အဓိပ္ပာယ်ပညာ**အရ လည်းကောင်း၊ **အဘိဓာန်ပညာ**အရ လည်းကောင်း၊ **အတွင်းဆက်စပ်မှု၊ အပြင်ဆက်စပ်မှု**စနစ်တို့ဖြင့် အကျယ်ရှင်းလင်းထားပါသည်။ **အတွင်းဆက်စပ်မှုဟူသည် ပုဒ်အရဆက်စပ်မှု**ဖြစ်ပြီး၊ **အပြင်ဆက်စပ်မှုသည် အနက်အရဆက်စပ်မှု**ကို ဆိုလိုပါသည်။ ယင်းအပိုင်းကို **ကျမ်း၏စာကိုယ်**အဖြစ် သတ်မှတ်ဖော်ပြပါသည်။ ဝေါဟာရများကို စစ်တမ်းထုတ်ရာတွင်လည်း ***(၁)နာမ်၊ (၂)ကြိယာ နှင့် (၃)နာမဝိသေသန***ဟူ၍ ခွဲထားပါသည်။ နောက်ဆက်တွဲအပိုင်းသည် ကျမ်း၏အဘိဓာန်အညွှန်း ဖြစ်ပါသည်။ ကျမ်းတစ်ရပ်လုံး၌ အတွင်းဆက်စပ်ဝေါဟာရနှင့် ဆက်စပ်အနက်များအရလည်းကောင်း၊ အပြင်ဆက်စပ်ဝေါဟာရနှင့် ဆက်စပ်အနက်များအရ လည်းကောင်း စကားလုံးပွားခြင်းကို ဖော်ထုတ်ရပါသည်။ စစ်တမ်းကျမ်းဖြစ်သည်နှင့်အညီ ထီးသုံးနန်းသုံးဝေါဟာရများကို စာရင်းဇယားပြုစုထားသောကျမ်းဖြစ်ပါသည်။ ကျမ်းကို အနှစ်ချုပ်ကြည့်လိုက်လျှင် **ထီးသုံးနန်းသုံးဝေါဟာရ**ဆိုသည်မှာ ဘာသာစကားကို **မွမ်းမံထားသည့်စကားလုံး**တို့ကိုပင်ခေါ်ကြောင်း တွေ့ရှိရပါသည်။ ထီးသုံးနန်းသုံးဘာသာစကားဆိုသည်မှာ ကာလ၊ ဒေသ အခြေအနေအရ ကန့်သတ်အသုံးပြု ဘာသာစကားတစ်ရပ်သာဖြစ်ကြောင်း ဤကျမ်းက လက်တွေ့ဖော်ထုတ်အပ်ပါသည်။